ကန့်သတ်

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ (၂၁.၂.၂၀၂၀)ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်အခြေခံပညာကျောင်း များ ဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ။** အစီအစဉ် (၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉၊ နည်းဥပဒေခွဲ(ခ)အရ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း ဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါ စေကြောင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ ဝင် ဦးစိုင်းအောင်မျိုးကျော် ဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) (၁၁-၆-၂၀၁၉)ရက်၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၂)ဦးမှတင်သွင်း ခဲ့သည့် ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက် ဥပဒေ(မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၃၆ (ခ)(၃)အရ ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီ အစည်းအဝေးများကို (၁၉.၁၁.၂၀၁၉)ရက်၊ (၁၇.၁.၂၀၂၀) ရက်နှင့် (၁၇.၂.၂၀၂၀) ရက်တို့တွင် ရှမ်းပြည်နယ်လွှတ်တော်ရုံး၌ ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ဥပဒေ (မူကြမ်း)တင်သွင်းသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ပြည်သူ့

ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူ ရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးများကွပ်ကဲရေးဦးစီးဌာန၊ ပြည်နယ်ပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍လည်းကောင်း၊ (၁၄.၁.၂၀၂၀) ရက်နေ့မှ (၁၅.၁.၂၀၂၀) ရက်နေ့ထိ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်များသို့လည်းကောင်း၊ (၃၁.၁.၂၀၂၀)မှ (၃.၂.၂၀၂၀) ရက်နေ့ထိ ကျောက်မဲခရိုင်နှင့် မိုးမိတ်ခရိုင်များသို့လည်းကောင်း ကွင်းဆင်း၍ ခရိုင်/ မြို့နယ် ဥပဒေအရာရှိများ၊ စီမံကိန်းဦးစီးမှူးများ၊ ပညာရေးမှူးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံ ကြားနာခဲ့ပြီး ဆွေးနွေးရရှိသည့် ရလဒ်များအပေါ် စိစစ်သုံးသပ် ညှိနှိုင်းဆွေးနွေး၍ ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

**လေ့လာတွေ့ရှိချက်**

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကဏ္ဍ (၇)၊ အပိုဒ် (ဧ)နှင့်အညီ ရှမ်းပြည်နယ်အခြေခံပညာကျောင်းများဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေ(မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၂)ဦးက တင်သွင်းခဲ့ပါတယ်။

ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း (၁၃)ခန်း၊ ပုဒ်မပေါင်း (၃၄)ခု ပါဝင်ပြီး ပြင်ဆင်ဖြည့်စွက်သင့်သည့် တစ်ပိုဒ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များကို ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်အားလုံးက သဘောတူညီဆုံးဖြတ်ပြီး အစီရင်ခံစာကို ပြုစုတင်သွင်းခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ယခု ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၄ အရ ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ထားသော ကန့်လန့်ဖြတ်ဇယားပါ အပိုဒ်တစ်ပိုဒ်ချင်းစီကို စာမျက်နှာအလိုက် တင်ပြပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီက အမှတ်စဉ် တစ်ခုချင်းအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** တင်ပြချက်။ ဥပဒေ(မူကြမ်း)အပေါ် ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုချက်မှာ -

အမှတ်စဉ်(၁)ဖြစ်ပါတယ်။ နိဒါန်းအဖြစ် ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂) ဖြစ်ပါတယ်။ အခန်း (၁) ပုဒ်မ ၂ (ခ) အဖြစ် အစိုးရအဖွဲ့ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂ (ဂ) အဖြစ် ဝန်ကြီးဌာနဆိုသည်မှာ အစိုးရအဖွဲ့မှ တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာ ဝန်ကြီးဌာနကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄) ဖြစ်ပါတယ်။ အခန်း (၁) ပုဒ်မ ၂ (ဃ)အဖြစ် ဝန်ကြီးဆိုသည်မှာ အစိုးရအဖွဲ့မှ တာဝန်ပေးအပ်ထားသော ဝန်ကြီးကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂ (င)အဖြစ် အခြေခံပညာကျောင်းများ ဆိုသည်မှာ အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အတည်ပြုပြဋ္ဌာန်းထားသော အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်း စံများနှင့်အညီ ပညာသင်ကြားပေးသော ကျောင်းများကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၆) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂ (င) ကို ပုဒ်မ ၂ (စ) အဖြစ်၊ ပုဒ်မ ၂ (စ) ကို ပုဒ်မ ၂ (ဆ) အဖြစ်၊ ပုဒ်မ ၂ (ဆ) ကို ပုဒ်မ ၂ (ဇ) အဖြစ်၊ ပုဒ်မ ၂ (ဇ)ကို ပုဒ်မ ၂(ဈ)အဖြစ်၊ ပုဒ်မ ၂(ဈ)ကို ပုဒ်မ ၂ (ည)အဖြစ်၊ ပုဒ်မ၂ (ည)ကို ပုဒ်မ ၂ (ဋ)အဖြစ်၊ ပုဒ်မ ၂ (ဋ)ကို ပုဒ်မ ၂ (ဌ) အဖြစ်၊ ပုဒ်မ ၂(ဌ)ကို ပုဒ်မ ၂(ဍ)အဖြစ်၊ ပုဒ်မ ၂(ဍ)ကို ပုဒ်မ ၂(ဎ)အဖြစ် ၊ ပုဒ်မ ၂ (ဎ)ကို ပုဒ်မ ၂ (ဏ)အဖြစ်၊ ပုဒ်မ ၂ (ဏ) ကို ပုဒ်မ ၂ (တ) အဖြစ်၊ ပုဒ်မ ၂(တ)ကို ပုဒ်မ ၂(ထ)အဖြစ်၊ ပုဒ်မ ၂ (ထ)ကို ပုဒ်မ ၂(ဒ)အဖြစ်၊ ပုဒ်မ ၂ (ဒ)ကို ပုဒ်မ ၂ (ဓ) အဖြစ် ပြောင်းလဲအမှတ်စဉ် ရမည်။

အမှတ်စဉ် (၁)မှ(၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁) မှ (၆) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၇) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂ (ဧ)အဖြစ် မြို့နယ်ကြီးကြပ်ရေးအဖွဲ့ ဆိုသည်မှာ ပုဒ်မ ၁၀ အရ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ရှမ်းပြည်နယ် အခြေခံပညာကျောင်းများ ဘေးကင်း စိတ်ချရသော အစားအသောက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးအဖွဲ့ကိုဆိုသည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၈) ဖြစ်ပါတယ်။ အခန်း (၁)၊ ပုဒ်မ ၂ (ဈ)အဖြစ် စစ်ဆေးရေးအဖွဲ့ဆိုသည် မှာ ပုဒ်မ ၁၂ အရ ဖွဲ့စည်းတာဝန်ပေးအပ်သည့် စစ်ဆေးရေးအဖွဲ့ကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင် သင့်ပါတယ်။

အမှတ်စဉ်(၉) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂ (ည)အဖြစ် အစားအသောက်ဆိုသည်မှာ အမျိုးသားအစားအသောက်ဥပဒေတွင် ပြဋ္ဌာန်းထားသော အစားအသောက်အပါအဝင် ရှမ်းပြည်နယ်ရှိ အခြေခံပညာကျောင်းများ၌ စားသုံးရန်အလို့ငှာ ဖြန့်ဖြူးရောင်းချသော အစားအသောက်များကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၀) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂ (ဋ) အဖြစ် စံမညီအစားအသောက် ဆိုသည်မှာ သက်ဆိုင်ရာ အစားအသောက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက သတ်မှတ်သည့် အသေးစိတ်သတ်မှတ်ချက်များနှင့် မကိုက်ညီ သော၊ အနိမ့်ဆုံး စံအောက်လျော့နေသော သို့မဟုတ် အမြင့်ဆုံး စံထက်ပိုနေသော အစားအသောက်ကို ဆိုသည်ဟုဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၇)မှ(၁၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၇)မှ (၁၀) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏

အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၁) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂ (ဃ)အဖြစ် ခွင့်ပြုလက်မှတ်ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ် ကြီးကြပ်ရေးအဖွဲ့မှ အခြေခံပညာကျောင်းများတွင် ဘေးကင်းစိတ်ချရသော အစားအသောက် ရောင်းချခွင့်ပြုသော လက်မှတ်ကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၂) ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၂ (ဓ) ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၃) ဖြစ်ပါတယ်။ အခန်း(၃) ခေါင်းစဉ်အဖြစ် ကော်မတီဖွဲ့စည်းခြင်းဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၄) ဖြစ်ပါတယ်။ အခန်း(၃) ပုဒ်မ ၄ အဖြစ် အစိုးရအဖွဲ့သည် ပြည်နယ် အတွင်းရှိ အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်လုပ်ငန်း ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ဝန်ကြီး | ဥက္ကဋ္ဌ |
| ( ခ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်ပညာရေးမှူးရုံး | ဒုတိယဥက္ကဋ္ဌ(၁) |
| ( ဂ) | ပြည်နယ်ဦးစီးဌာနမှူး<br>ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်စည်ပင်သာယာရေးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (င) | ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (စ) | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး<br>တိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | အစိုးရမဟုတ်သောအဖွဲ့အစည်းမှ အစားအသောက်သိပ္ပံနှင့်<br>နည်းပညာရှင်(၁)ဦး | အဖွဲ့ဝင် |
| (ဈ) | အုပ်ချုပ်ရေးမှူး<br>ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ည) | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန( FDA ) | တွဲဖက်အတွင်းရေးမှူး |

ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၅) ဖြစ်ပါတယ်။ အခန်း(၄) ခေါင်းစဉ်အဖြစ် ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၆)ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၆ အဖြစ် ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၇) ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၆(ဃ)အဖြစ် ကော်မတီသည် ခရိုင်နှင့် မြို့နယ် ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းခြင်း၊ အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲခြင်းနှင့် လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၁) မှ (၁၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၁) မှ (၁၇) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၈) ဖြစ်ပါတယ်။ မူလ အခန်း(၄) ပုဒ်မ ၆(င)ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၉)ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၇ အဖြစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သည် ကော်မတီ၏ ညှိနှိုင်းသဘောတူညီမှုဖြင့် ကြီးကြပ်ရေးအဖွဲ့၊ စစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၀) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၈ အဖြစ် ကော်မတီသည်-

(က) သက်ဆိုင်ရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးကအဖွဲ့ ခေါင်းဆောင်အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သော ခရိုင်ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ခရိုင်ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁၈)မှ (၂၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၈)မှ(၂၀) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၁) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၉ (က)အဖြစ် ကော်မတီကချမှတ်ထားသော မူဝါဒလုပ်ငန်းစဉ်များကို သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးအဖွဲ့များမှ အကောင်အထည်ဖော်မှု ရှိ၊ မရှိ ကြီးကြပ်ကွပ်ကဲခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၂) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၉(ခ)အဖြစ် ကော်မတီက ချမှတ်ထားသောမူဝါဒနှင့်အညီ လိုအပ်ပါက ခရိုင်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပေးခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၃) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၉(ဃ)အဖြစ် ခရိုင်ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာများကို ကော်မတီသို့ တင်ပြခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၄) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၉(င)အဖြစ် ကော်မတီက အခါအား လျော်စွာပေးအပ်သော တာဝန်များနှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၅)ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၀ အဖြစ် ကော်မတီသည်-

(က) သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက အဖွဲ့ခေါင်းဆောင်အဖြစ် လည်းကောင်း၊ သက်ဆိုင်ရာအစိုးရ ဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက

အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သော မြို့နယ်ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း ရမည်။

( ခ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းထားသော မြို့နယ်ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

ဟုဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၁)မှ (၂၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၂၁)မှ (၂၅) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၆) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁ (က)အဖြစ် ကော်မတီက ချမှတ်ထားသော မူဝါဒ လုပ်ငန်းစဉ်များ၊ ညွှန်ကြားချက်များအား ခရိုင်ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၇)ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁ (ခ) အဖြစ် ကော်မတီက ချမှတ်ထား သောမူဝါဒနှင့်အညီ လိုအပ်ပါက မြို့နယ်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းဟု ဖြည့်စွက်ပြင်ဆင် သင့်ပါတယ်။

အမှတ်စဉ်(၂၈) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁ (ဃ) အဖြစ် မြို့နယ်ကြီးကြပ်ရေး အဖွဲ့သည် သတ်မှတ်ထားသော လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးပြီး ခွင့်ပြု

လက်မှတ်ထုတ်ပေးခြင်း၊ ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၉) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁ (စ) အဖြစ် မြို့နယ်ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာများကို ခရိုင်ကြီးကြပ်ရေးအဖွဲ့ မှတစ်ဆင့် ကော်မတီသို့ တင်ပြခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၀) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁ (ဆ) အဖြစ် ကျောင်းပရဝုဏ်ရှိ ဈေးဆိုင်များနှင့် ကျောင်းသူ၊ ကျောင်းသားများကို ရည်ရွယ်၍ ဈေးရောင်းချသူများအား ဤဥပဒေပါ တားမြစ်ချက်များကို လိုက်နာစေရန် ကြီးကြပ်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၁) ဖြစ်ပါတယ်။ အခန်း(၆) ပုဒ်မ ၁၂ အဖြစ် စစ်ဆေးရေးအဖွဲ့ကို အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး (၁)ဦး | အဖွဲ့ခေါင်းဆောင် |
| (ခ) | ကျောင်းအကျိုးတော်ဆောင်(၁)ဦး | အဖွဲ့ဝင် |
| (ဂ) | ဆရာ၊ ဆရာမကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (ဃ) | ကျောင်းသားမိဘကိုယ်စားလှယ်(၂)ဦး | အဖွဲ့ဝင်များ |
| (င) | ကျန်းမာရေးဌာနမှကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (စ) | အရပ်ဘက်လူမှုအဖွဲ့အစည်း(CSOs)(၁)ဦး | အဖွဲ့ဝင် |

ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၂) ဖြစ်ပါတယ်။ အခန်း(၆) ပုဒ်မ ၁၃(ဆ) အဖြစ် အခြေခံပညာကျောင်းများရှိ ကျောင်းဈေးတန်းနှင့် ဈေးဆိုင်ခန်းများကို ကျန်းမာရေးနှင့် ညီညွတ်သောနေရာတွင် ဖွင့်လှစ် ရောင်းချစေခြင်း၊ အမှိုက်နှင့် စွန့်ပစ်ရေဆိုးများကို စနစ်တကျ စွန့်ပစ်စေခြင်းနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး ကြီးကြပ်ရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၃၃) ဖြစ်ပါတယ်။ အခန်း(၇)ခေါင်းစဉ်အဖြစ် ခွင့်ပြုလက်မှတ်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း၊ ခွင့်ပြုကာလသတ်မှတ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၄)ဖြစ်ပါတယ်။ အခန်း(၇) ပုဒ်မ ၁၄ အဖြစ် ခွင့်ပြုလက်မှတ်လျှောက်ထားလိုသူသည် သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ပုံစံများဖြင့် လျှောက်ထားရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၃၅)ဖြစ်ပါတယ်။ အခန်း(၇) ပုဒ်မ ၁၄ ကို ပုဒ်မ ၁၅ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၂၆)မှ (၃၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၂၆)မှ (၃၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၃၆) ဖြစ်ပါတယ်။ အခန်း(၇) ပုဒ်မ ၁၅ အဖြစ် မြို့နယ်ကြီးကြပ်ရေးအဖွဲ့သည် ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း၊ ကာလသတ်မှတ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းတို့ကို အောက်ပါ အတိုင်း ဆောင်ရွက်နိုင်သည်-

(က) မြို့နယ်ကြီးကြပ်ရေးအဖွဲ့သည် ခွင့်ပြုလက်မှတ် လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

( ခ) ခွင့်ပြုလက်မှတ်သက်တမ်းသည် ပညာသင်နှစ် တစ်နှစ်နှင့်အညီ သတ်မှတ်ရမည်။

( ဂ) မြို့နယ်ကြီးကြပ်ရေးအဖွဲ့သည် စစ်ဆေးရေးအဖွဲ့မှ ကျန်းမာရေးနှင့် ညီညွတ်သန့်ရှင်းမှုမရှိသော အခြေအနေဖြစ်ပေါ်နေကြောင်း တင်ပြလာမှုအပေါ်တွင်လည်းကောင်း၊ သတ်မှတ်ထားသော စည်းကမ်းချက်များအား လိုက်နာမှုမရှိကြောင်း တင်ပြလာမှုအပေါ်တွင်လည်းကောင်း၊ စစ်ဆေးတွေ့ရှိပါက သတိပေးခြင်း၊ ခွင့်ပြုလက်မှတ်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၇) ဖြစ်ပါတယ်။ အခန်း(၁၀)ကို အခန်း(၈) အဖြစ်၊ ပုဒ်မ ၂၁ ကို ပုဒ်မ ၁၆ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၃၆)မှ (၃၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၃၆)မှ (၃၇) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၃၈) ဖြစ်ပါ တယ်။ အခန်း(၈) ပုဒ်မ ၁၆ အဖြစ် အစားအသောက်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းပြုလုပ်သူသည် အစားအသောက် အရည်အသွေးအာမခံခြင်း၊ အမှတ်တံဆိပ်ကပ်ခြင်း၊ ကြော်ငြာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများနှင့် ကော်မတီမှထုတ်ပြန်သော အမိန့်၊

ညွှန်ကြားချက်နှင့် စည်းကမ်းချက်များကို တိကျစွာလိုက်နာရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၉) ဖြစ်ပါတယ်။ အခန်း(၈)ကို အခန်း (၉)အဖြစ်၊ ပုဒ်မ ၁၅ ကို ပုဒ်မ ၁၇ အဖြစ်၊ ပုဒ်မ ၁၆ ကို ပုဒ်မ ၁၈ အဖြစ် ၊ ပုဒ်မ ၁၇ ကို ပုဒ်မ ၁၉ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၄၀) ဖြစ်ပါတယ်။ အခန်း (၉) ပုဒ်မ ၁၇ အဖြစ် မြို့နယ်ကြီးကြပ်ရေးအဖွဲ့သည် စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အရ သတ်မှတ်စည်းကမ်းချက်တစ်ရပ်ရပ်အား ဖောက်ဖျက် ကြောင်းတွေ့ရှိပါက အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

( ခ) ဒဏ်ကြေးငွေကို ပြည်နယ်အစိုးရ ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းစေပြီး ဆက်လက်လုပ်ကိုင်ခွင့် ပြုခြင်း၊

( ဂ) ခွင့်ပြုလက်မှတ်အား ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း။

ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၈)မှ (၄၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၃၈)မှ(၄၀) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၄၁) ဖြစ်ပါတယ်။ အခန်း(၉) ပုဒ်မ ၁၈ အဖြစ် မြို့နယ်ကြီးကြပ်ရေးအဖွဲ့သည် စားသုံးရန်အလို့ငှာ ဖြန့်ဖြူးရောင်းချသော အစားအသောက်အား သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ ဖြည့်စွက်ရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက ဖြန့်ဖြူးရောင်းချသော အစားအသောက်များကို သိမ်းဆည်းနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၂) ဖြစ်ပါတယ်။ အခန်း(၉) ပုဒ်မ ၁၉ အဖြစ် ပုဒ်မ ၁၈ အရ သိမ်းဆည်းထားသော အစားအသောက်များကို မြို့နယ်ကြီးကြပ်ရေးအဖွဲ့သည် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၃) ဖြစ်ပါတယ်။ အခန်း(၉)ကို အခန်း(၁၀)အဖြစ်၊ ပုဒ်မ ၁၈ ကို ပုဒ်မ ၂၀ အဖြစ်၊ ပုဒ်မ ၁၉ ကို ပုဒ်မ ၂၁ အဖြစ်၊ ပုဒ်မ ၂၀ ကို ပုဒ်မ ၂၂ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၄၄) ဖြစ်ပါတယ်။ အခန်း(၁၀) ပုဒ်မ ၂၀ အဖြစ် မြို့နယ်ကြီးကြပ်ရေးအဖွဲ့၏ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ခရိုင်ကြီးကြပ်ရေးအဖွဲ့ထံ အယူခံဝင်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့် ပါတယ်။

အမှတ်စဉ်(၄၅) ဖြစ်ပါတယ်။ အခန်း(၁၀) ပုဒ်မ ၂၁ အဖြစ် ခရိုင်ကြီးကြပ်ရေးအဖွဲ့၏ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း(၆၀)အတွင်း ကော်မတီထံ အယူခံဝင်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၆) ဖြစ်ပါတယ်။ အခန်း(၁၁) ပုဒ်မ ၂၂ (ခ)ကို ပုဒ်မ ၂၃ (က) အဖြစ်၊ ပုဒ်မ ၂၂ (ဆ)ကို ပုဒ်မ ၂၃(ခ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၄၁)မှ (၄၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၄၁)မှ(၄၆) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏

အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၄၇) ဖြစ်ပါတယ်။ အခန်း(၁၁) ပုဒ်မ ၂၃(က)အဖြစ် မည်သူမျှ- သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေး အဖွဲ့ကထုတ်ပေးသည့် ခွင့်ပြုလက်မှတ်မရှိဘဲ အခြေခံပညာကျောင်းများတွင် ဈေးရောင်းချ ခြင်းမပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၈) ဖြစ်ပါတယ်။ အခန်း(၁၁) ပုဒ်မ ၂၃(ခ) အဖြစ် ခွင့်ပြုလက်မှတ်ကို အခြားသူအား လွှဲပြောင်းပေးခြင်း၊ ထပ်ဆင့်ရောင်းချခြင်းမပြုရ ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၉) ဖြစ်ပါတယ်။ အခန်း(၁၁) ပုဒ်မ ၂၂ ကို ပုဒ်မ ၂၄ အဖြစ်၊ ပုဒ်မ ၂၃ ကို ပုဒ်မ ၂၅ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၅၀) ဖြစ်ပါတယ်။ အခန်း(၁၁) ပုဒ်မ ၂၄ (က)အဖြစ် ဤဥပဒေအရ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၁) ဖြစ်ပါတယ်။ အခန်း(၁၁)၊ ပုဒ်မ ၂၄ (ဂ)ကို ပုဒ်မ ၂၄ (ခ) အဖြစ်၊ ပုဒ်မ ၂၄ (ဃ)ကို ပုဒ်မ ၂၄ (ဂ) အဖြစ်၊ ပုဒ်မ ၂၄ (င)ကို ပုဒ်မ ၂၄ (ဃ) အဖြစ်၊ ပုဒ်မ ၂၄ (စ)ကို ပုဒ်မ ၂၄ (င) အဖြစ်၊ ပုဒ်မ ၂၄ (ဆ)ကို ပုဒ်မ ၂၄ (စ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၅၂) ဖြစ်ပါတယ်။ အခန်း(၁၁) ပုဒ်မ ၂၅ (င) အဖြစ် ဆေးလိပ်၊ ကွမ်းယာ၊ သောက်သုံးရန်မသင့်ဟု သတ်မှတ်ထားသော စွမ်းအားဖြည့်အချိုရည်များ၊ ကဖင်းဓာတ်ပါဝင် သော အစားအသောက်များ ရောင်းချခြင်းမပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၃) ဖြစ်ပါတယ်။ အခန်း(၁၂) ပုဒ်မ ၂၆ အဖြစ် မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းခံရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၄၇)မှ (၅၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၄၇)မှ(၅၃) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၅၄) ဖြစ်ပါတယ်။ အခန်း (၁၂) ပုဒ်မ ၂၄ ကို ပုဒ်မ ၂၇ အဖြစ်၊ ပုဒ်မ ၂၅ ကို ပုဒ်မ ၂၈ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၅၅) ဖြစ်ပါတယ်။ အခန်း (၁၂) ပုဒ်မ ၂၇ အဖြစ် မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို (၆)လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၆) ဖြစ်ပါတယ်။ အခန်း(၁၂) ပုဒ်မ ၂၈ အဖြစ် မည်သူမဆို ပုဒ်မ ၂၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၇) ဖြစ်ပါတယ်။ အခန်း(၁၃) ပုဒ်မ ၂၉ အဖြစ် ဤဥပဒေပါ ကော်မတီနှင့် အဖွဲ့များတွင် တာဝန်ပေးခြင်းခံရသော နိုင်ငံ့ဝန်ထမ်းမဟုတ်သူ အဖွဲ့ဝင်တစ်ဦးဦးသည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေစဉ်အတွင်း ယင်းအဖွဲ့ဝင်တို့ကို ရာဇသတ်ကြီး ပုဒ်မ ၂၁ တွင် ဖော်ပြထားသည့်အတိုင်း ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၅၈) ဖြစ်ပါတယ်။ အခန်း(၁၃) ပုဒ်မ ၂၆ ကို ပုဒ်မ ၃၀ အဖြစ်၊ ပုဒ်မ ၂၇ ကို ပုဒ်မ ၃၁ အဖြစ်၊ ပုဒ်မ ၂၈ ကို ပုဒ်မ ၃၂ အဖြစ်၊ ပုဒ်မ ၂၉ ကို ပုဒ်မ ၃၃ အဖြစ်၊ ပုဒ်မ ၃၀ ကို ပုဒ်မ ၃၄ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၅၉) ဖြစ်ပါတယ်။ အခန်း(၁၃) ပုဒ်မ ၃၀ အဖြစ် အစားအသောက်ရောင်းချသူသည် တစ်ကိုယ်ရေသန့်ရှင်းမှုရှိပြီး သတ်မှတ်ထားသော ကူးစက်ရောဂါကင်းရှင်း၍ ကိုယ်တိုင်ကျန်းမာရမည့်အပြင် ကျန်းမာရေးအထောက်အကူပြုစေရန် လုံခြုံပြီး သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၄)မှ (၅၉)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၅၄)မှ(၅၉) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၆၀) ဖြစ်ပါတယ်။ အခန်း(၁၃) ပုဒ်မ ၃၂ အဖြစ် အစားအသောက် ရောင်းချသူဘက်မှ ဆွေးနွေး

တင်ပြလိုပါက သက်ဆိုင်ရာ ကော်မတီ၊ ကြီးကြပ်ရေးအဖွဲ့များနှင့် လွတ်လပ်စွာ ဆွေးနွေးခွင့်ရှိရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၁) ဖြစ်ပါတယ်။ အခန်း(၁၃) ပုဒ်မ ၃၄ အဖြစ် သံသယဖြစ်သော အစားအသောက်များကို ကျသင့်တန်ဖိုးပေးဆောင်၍ နမူနာရယူကာ စစ်ဆေးရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၂) ဖြစ်ပါတယ်။ မူလ အခန်း(၁၃) ပုဒ်မ ၃၁ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၆၃) ဖြစ်ပါတယ်။ မူလ အခန်း(၁၃) ပုဒ်မ ၃၂ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၆၄) ဖြစ်ပါတယ်။ မူလ အခန်း(၁၃) ပုဒ်မ ၃၃ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၆၅) ဖြစ်ပါတယ်။ အခန်း(၁၃) ပုဒ်မ ၃၅ အဖြစ် ဤဥပဒေအရ အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၆၆) ဖြစ်ပါတယ်။ အခန်း(၁၃) ပုဒ်မ ၃၆ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အမျိုးသားအစားအသောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သမျှကာလပတ်လုံး အတည်ဖြစ်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၇)ဖြစ်ပါတယ်။ အခန်း(၁၃) ပုဒ်မ ၃၄ ကို ပုဒ်မ ၃၇ အဖြစ်ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၆၈) ဖြစ်ပါတယ်။ အခန်း(၁၃) ပုဒ်မ ၃၇ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၆၀)မှ (၆၈)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၆၀)မှ(၆၈)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၄ အရ ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ထားသည့် ကန့်လန့်ဖြတ်ဇယားပါ အပိုဒ်များကို စာမျက်နှာအလိုက် လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူပြီးဖြစ်ပါတယ်။

ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၂)ဦးမှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ် အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေ (မူကြမ်း) တစ်ရပ်လုံးကို အတည်ပြုရန်အတွက် လွှတ်တော်ကို ဆက်လက်တင်ပြပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) (၁၁.၆.၂၀၁၉) ရက်၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၂)ဦးမှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ် အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေ (မူကြမ်း) တစ်ရပ်လုံးကို လွှတ်တော်မှ ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ကန့်လန့်ဖြတ်ဇယားပါ လွှတ်တော်မှ ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေ (မူကြမ်း)တစ်ရပ်လုံးကို အတည်ပြုရန်အတွက် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ပြည်နယ်လွှတ်တော်

ကိုယ်စားလှယ် (၁၂)ဦးမှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ် အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်မှ ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်က သဘောတူတဲ့အတွက် ရှမ်းပြည်နယ် အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေ (မူကြမ်း) တစ်ရပ်လုံးကို လွှတ်တော်မှ ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။